၀၀၃၄ ၁၂၅၃ခု တော်သလင်းလဆန်း ၁ ရက်
( 3 Sept. 1891)
( ယခုပုရပိုက်မူ ရေးကူးရက်)

## အဋ္ဌရာသီဓမ္မသတ်

ခန့်ခိုင်မြင်းမိုရ်တောင်မင်းတည်း။ ။ သီရိပဝရ။ လောကိန္ဒဟု။ ဒေဝသမ္ဗတ်။ သမုနတ်နှင့်။
မြတ်တောင်ညာထား။ ရှစ်သောင်းဖျားက။ သားဥပရာ။ မဟာဆွေတော်။ မျိုးဘော်နွယ်ဇာတ်။
မူးမတ်မှုစ။ အရိယဝင်။ ထေရ်သင်္ဃတော်။ နှုတ်ပြောသော်လည်း။ ပူဇော်ရှိခိုး။
မြတ်နိုးထိုက်သည်။ ထူးဂုဏ်ရည်ကြောင့်။ ယုံကြည်အပ်ရာ။ ကျမ်းရင်းမှာရှင့်။ ပြလာသိမြင်။
တိုင်လျှင်ကြားသူ။ မမေးမူလည်း။ ဆိုသူတကွဲ။ မမေးဘဲကို။ စိတ်ထဲဖြူညို။ မဆိုလိုနှင့်။
ထိုမှတလီ။ မမေးမီက။ သီရိရိပ်စောင်း။ ဆိုးကောင်းပြောကြား။ ပေါင်းငါးပါးတွင်။
ဖြောင့်သားပုဂ္ဂိုလ်။ မဆိုလိုသား။ ထိုသူကိုသာ။ သစ္စာကျမ်းရွက်။ ကျိန်ကန္နက်၍။
ချုပ်အက္ခရာ။ စစ်မေးရာ၏။ လေးဖြာသာခကေ။ ပယ်ကုန်ကြလော့။ ဘော်ပြုနည်းခြား။
ခုနှစ်ပါးကား။ တိုင်ကြားလူရှင်။ မမေးခင်က။ စတင်ဆိုပြော။ ကုန်းချောသက်သေ။
သုံးထွေသမိုက်။ မစစ်ထိုက်တည့်။ မှုနိုက်ကြားမြင်။ မဆိုခြင်နှင့်။ တရားဝင်သိရှိ။
ပကတိမြောက်။ ဤသုံးရောက်ကို။ ချုပ်အောက်တင်ပြ။ စာရင်းချလျှက်။ သဒ္ဒဒေးယျာ။
သစ္စာကျမ်းပေး။ ရှုတ်မထွေးအောင်။ စစ်မေးတင်ညွှန်း။ ဆိုလိုလွှန်းသား။ နှုတ်ခွန်းရှာများ။
ပြောသူအားကို။ တရားနုရင့်။ မမှားသင့်အောင်။ ထောက်ချင့်အရေး။ မှန်စစ်ဆေး၍။
တွေးတွေးဆဆ။ ယုံကြည်ကြမှ။ ထေရအကျော်။ ရဟန်းတော်မူ။ မှန်သော်တချက်။
မမှန်ထွက်၍။ ယွင်းကွက်ရှေ့နောက်။ မိန့်ဆိုရောက်က။ နောက်စကားပျက်။ ရှေ့ထွက်ချက်ကို။
နှစ်သက်မှတ်ထား။ ကောင်တမ်းသားသည်။ ။ တရားမာမာ တင်းတင်းတည်း။ ။ ပီတိဗလဝ။
နှစ်သက်ကြ၍။ ရာဂကြီးမား။ မြင်းကျွဲနွားတို့။ မြူးစားလေ့လာ။ တောတောင်မှာလှင်။
ကာမာဆန္ဒ။ ကြူးလွန်ကြ၍။ ဇီဝပြောင်းသွား။ သေဆုံးငြားမူ။ ကျွဲနွားမြင်းပင်။ သေသူရှင်က။
ယူငင်သိမ်းပိုင်။ အဆုံးတိုင်တည့်။ စုံမြိုင်အတွင်း။ နွားကျွဲမြင်းတို့။ ရုံးရင်းခတ်မျှ။
မြူးတူးကြ၍။ ဘာဝအလိုက်။ ထိခိုက်ကြန။ သေလွန်ကလည်း။ ကမ္မသကာ။ ပစ္စာမမြင်။
မြင်းဆင်ကျွဲနွား။ လူတို့အားကို။ ထိပါးခိုက်တိုက်။ ထိမ်းကျောင်းလိုက်လျှက်။ ဆွဲရိုက်မရ။
ကျိုးပဲ့ကလျှင်။ ခုတ်ရှုဒါန်ရာ။ ထောက်စာမျိုးလိုက်။ လျှော်ထိုက်လျှော်စေ။ သေဆုံးချေအံ့။
ကျန်ဆွေမယား။ သမီးသားတို့။ ကျွဲနွားမြင်းလူ။ ထိမ်းကျောင်းသူနှင့်။ သိမ်းယူစေစား။
ကျွန်မှတ်ထားလော့။ ကျွဲနွားမြင်းဆင်။ စားချက်တွင်နိုက်။ ပျော်ရွှင်မိတ်ဆက်။
ထိမ်းကျောက်လျက်နှင့်။ ရမ္မက်မပြေ။ အသက်သေမျှ။ လိုက်လေကြိမ်တွေ့။ ဘိစီး၍လျှင်။
တိုးဝှေ့ဒါန်ရာ။ ရှိပြန်ကြသော်။ ထက်ကနည်းတူ။ သိမ်းယူပစေ။ သေမူဆယ်ဆ။
သူတက်ပြ၏။ ထိုမှနှိုင်းချိန်။ သုခမိန်တို့။ မဟိသ်ကြ။ ကုဥ္စရနှင့်။ ဂေါဏအဿာ။
ထိမ်းသူကွာလျှက်။ ဘာသာပျော်ပါး။ ကွန့်မြူးစား၍။ ထိသွားကွဲကြေ။ ဆုံးရှုံးလေလည်း။
အချေမရ။ စွဲလျှောက်ကွလျှင်။ ဒေါသမထင်။ ကျွဲနွားရှင်တည့်။ ပူပင်ဒုက္ခ။ သေဆုံးရ၍။
ကင်းပလျှော်ဒါန်။ စရိတ်ပြန်နှင့်။ တိရစ္ဆာန်ရင်း။ တိုက်ချင်းနင်းသား။ ဆင်မြင်းကျွဲနွား။
ပေးမြဲအစား။ မိန့်ခဲ့ကြားသည်။ ။ စကားသာသာညှင်းညှင်းတည်း။ ။ ဂီဟိမဂဓ။

လူအတ္တတည့်။ တုပခင်းကျင်း။ ဆောင်စီးနင်းသည်။ ဆင်မြင်းကျွဲနွား။ မွေးကျွေးထား၍။
ကျောင်းစားတော၌။ ထိမ်းမလိုက်ဘဲ။ ဇရိုက်ဘာသာ။ သတ္တဝါတို့။ မာန်ပါရိုးရင်း။
မြူးခုံနင်းလျှက်။ ချင်းချင်းတိုးခတ်။ ဇေ့စူးလတ်၍။ စုတ်ပြတ်ဆုံးသေ။ ပျက်စီးလေလည်း။
ကံနေအလျှောက်။ စွဲလျှောက်တရား။ ဆောင်သူမှားလိမ့်။ မွေးဖွားနုနယ်။ နွားသူငယ်ကို။
တောဝယ်ကျောင်းရာ။ စားကျက်မှာလျှင်။ အနာအကြင်။ မြင်းဆင်ကျွဲနွား။ ဒေါသအားဖြင့်။
ခုံလွှားဘိလိုက်။ အပြင်းတိုက်လျှက်။ ထိခိုက်ဇေ့တိုး။ ဒါန်ရာမျိုးနှင့်။ ကန်းကျိုးမတော်။
နွမ်းညှိုးလျော်၍။ သေသော်လည်းကောင်း။ ထိမ်းကျောင်း မွေးစား။ ချည်လျှက်ထားသည်။
ကျွဲနွားနေရာ။ တိုးဇေ့လာ၍။ မကြာခန။ ပယောဂကြောင့်။ ဘဝသစ်ခြား။ အဟိတ်သားသည်။
သွားသော်လည်းကောင်း။ ဤအကြောင်းမူ။ ထုံးဟောင်း စကား။ တိုက်ခိုက်သွားသည်။
ထိုနွားမြင်းကျွဲ။ သိမ်းယူမြဲတည့်။ နွားကျွဲမြင်းဆင်။ မဆုံးချင်အံ့။ သိမြင်ကျွမ်းသူ။ စုံရာလူတို့။
ဝယ်ယူရောင်းရ။ ချင့်နှိုင်းဆလျက်။ ကာလဘိုးနေ။ ပြတ်ဆိုစေ၍။ လျော်ငွေပြဋ္ဌာန်း။
စီရင်ခမ်းတဉ့်။ လုပ်ငန်းလယ်ယာ။ ဝင်စားလာ၍။ မပါထိမ်းသူ။ ကင်းခဲ့မူကား။
ဘမ်းယူတိုင်ကြား။ မြင်းကျွဲနွားကို။ မှတ်သားနေ့လ။ ရှင်ပေါ်ကလျှင်။ ထိမ်းခတန်ရာ။
လယ်တာယာခင်း။ ဝင်စားခြင်းကြောင့်။ ပျက်ရှင်းသမျှ။ ပေးလျော်ရ၏။ ဝစ္ဆနွားငယ်။
မွေးမယ်နောက်ပါ။ ဝင်စားရာနိုက်။ ပစ္စာကင်းဝေး။ တရားရေးကို။ ကြံတွေးစင်းစား။
လမ်းဖြောင့်သွားသည်။ ။ မမှားညှာညှာကင်းကင်းတည်း။ ၇၆။ ပဒစီ။
အချီအချညီကိုယ်တွင်းပြည့်စပ်နည်း၃ပိုက်။ ။ ဝိညာဏက။ သူနှင့်အဝယ်။ ဒိဋ္ဌမင်္ဂလာ။
ဆင်တဆာဟု။ ရတနာဆယ်ပါး။ ရွှေငွေများနှင့်။ ကျွဲနွားမြင်းဆင်။ သက်ရှင်သက်မဲ့။
ဆိုကဲ့သမျှ။ ရောင်းဝယ်ကြအံ့။ ဒသအန္တရေ။ ကျမ်းရွှေစာတွက်။ ထိုအနက်မူ။
ဆယ်ရက်အတွင်း။ ရုပ်ဆင်းအင်္ဂါ။ ကန်းကျူးနာ၍။ ပစ္စာထွက်ပေါ်။ ရှိပြန်သော်ကား။
သင့်လျော်ကြောင်းအား။ ပြန်ပြောကြားလျှက်။ ကျွဲနွားမြင်းကို။ တုံ့စေဆို၏။ ပိုမိုရက်လ။
ကြူးလွန်ကလျှင်။ ကမ္မသကာ။ မတုံ့ရာတည့်။ ရတနာဆယ်ပါး။ ရွှေငွေများကို။
ဝယ်ထားသည်က။ နေ့မှစ၍။ ကာလမြင့်ညောင်း။ ထီးနန်းပြောင်းလည်း။ ၄င်းဥစ္စာ။
မမှန်ပါဟု။ ရတနာရွှေငွေ။ ပြအပ်ပေသော်။ ပြန်စေဘိုးရင်း။ ပျက်ယိုယွင်းလျက်။
ရောင်ဆင်းမလှ။ မတုံရရှင့်။ ကျားမကျွန်ကို။ ဘိုးပြတ်ဆို၍။ ခိုင်လိုဝယ်ယူ။ အကြင်သူနိုက်။
အနချဲ့နဲ့။ ကျိုးပွဲ့ရောဂါ။ ရူးနားပေါ်ထွက်။ သခင်လက်နိုက်။ ဆယ်ရက်အတွင်း။
ထုံ့လိုလျှင်းက။ ရောင်းရင်းထံမှာ။ တုံ့ပြန်ရာ၏။ သေချာတည်တန့်။ ခိုင်ခန့်မျိုးကောင်း။
ပြောဆိုရောင်း၍။ ရှောင်တခင်ဘက်။ ခုနှစ်ရက်တွင်။ ပြေးထွက်ဝေးမြေ။ ယွင်းပျက်ချေသော်။
ပေးစေဝယ်ရင်း။ ပြန်ဆပ်သွင်းလော့။ ချင်းနှင့်ကရင်။ ကချင်ပလောင်။ တောင်သူမျက်မျည်း။
ကသည်းတလိုင်း။ အရိုင်းကုလား။ အဘိုးထားလျှက်။ သိကြားစုံရာ။ ဝယ်ခိုင်းပါလည်း။
မကြာနေ့ချင်း။ ထွက်ပြေးလျှင်းမူ။ ဝယ်ရင်းဘိုးငွေ။ ဆုံးရချေသည်။ ။
မျိုးဆွေဇာတိသိန်ဖျင်းတည်း။ ။ လောကနိုက်တွင်။ ခမ်းနားဝင်သည်။ မြင်းဆင်ကျွဲနွား။
တန်ဘိုးထား၍။ ဝယ်သွားယူမြော်။ လက်သို့ရောက်မှ။ ခြောက်ရက်အလွန်။ ကျမ္မာညွန်လျက်။
ခုနစ်ရက်တွင်း။ သေပျက်ရှင်းမံ့။ ဘိုးရင်းအနက်။ တဝက်ပေးစေ။ တဝက်ချေ၍။
ကျန်ငွေရကောင်း။ စွဲလျှောက်တောင်းလည်း။ အကြောင်းမဆိုင်။ အဆုံးတိုင်တည့်။
ရှုံးနိုင်ပြတ်ရိုး။ အမှုမျိုးတည့်။ အဘိုးအပြေ။ ပေချေကျွဲနွား။ မြင်းဆင်အားမူ။ ပိုင်းချားနေ့ရက်။

သေဆုံးပျက်သော်။ တဝက်ဘိုးငွေ။ ပြန်ရချေ၏။ သန္ဓေကလလ။ ရောင်းစင်ကလျှင်။
ပါကြသိမြင်။ ဈေးအပြင်ဝယ်။ ဘိုးအင်မပြော။ မေတ္တာနှောလျှက်။ သဘောတူမျှ။
ရောင်းဝယ်ကြရှင့်။ ဘွားကသားမူ။ ဝယ်သူရကြောင်း။ ပြောဆိုရောင်းလည်း။ ၄င်မွေးဘွား။
ကျွဲနွားမြင်းသော်။ ပေးလျှော်တဝက်။ ယတက္ကမ။ လူမှုစ၍။ တထေဝနည်း။ ကလပ်စည်းလော့။
ဖြူမည်းကြောင်ကြား။ မြင်းကျွဲနွားကို။ ဘိုးထားအနက်။ တဝက်ပေးချေ။ ဝယ်လေသည်က။
လက်သို့ကြမှ။ ရက်လနှစ်ကြာ။ မြေလယ်ယာတွင်။ စေပါထွန်ရက်။ လုပ်ဆောင်ပျက်နှင့်။
တဝက်ကျန်ကို။ မပေးလို၍။ ထိုလူစည်းလဲ။ ဝယ်ကျွဲနွားကို။ ပြန်လွှဲတုံ့လို။ အရေးဆိုမူ။
ပိုမိုခိုင်းစေ။ အိုနာလေလည်း။ တွက်ရေရက်လ။ လုပ်ခွန်ခနှင့်။ မရဘိုးကျန်။ ထဘိုးပြန်၍။
တိရိစ္ဆာန်ရင်း။ အပ်နှံသွင်းလျှက်။ အခင်းမပွါး။ တုံ့ပြန်ထားသည်။ ။ ကျွဲနွားသက်ရှိ
ဆင်မြင်းတည်း။ ။ ဓမ္မသတ္တာ။ နိစ္ဆယျဟု။ လောကပညာ။ မလေ့လာမူ။ နေရာရွေးကောက်။
ရှင်ခြီးမြှောက်လည်း။ အလျှောက်အထား။ စကားချေတင်။ နားမဝင်ဘဲ။ လူရှင်အလယ်။
ဝိရိယဖြင့်။ လောကအရာ။ လိမ္မာကြွမ်းကျင်။ မင်းပွဲဝင်သော်။ ဆင်ချင်ထောက်တွေး။
တရားရေးနှိုက်။ ရှုပ်ထွေးပိုးခင်။ ရဟတ်တင်၍။ ချတင်တည်း။ ချေသန့်ရှင်းသို့။
စိုးမင်းရှေ့မှောက်။ အဆိုထောက်လျှက်။ ကွေ့ကောက်လိန်လည်။ ဒေါသစည်၍။ မှူသည်ရှေ့နေ။
ပြီးမပြေဘဲ။ ကြေးငွေအားကို။ ပေးတံစိုးနှင့်။ ဦးကျိုးပဲ့ထိုက်။ စာပေါ်သိုက်က။
ဘော့တိုက်ဝါးရုံ။ ကလိန်ခြုံတည့်။ ကောက်ပုံပင့်ကူ။ သဘွတ်အူလျှင်။ အယူကွဲပြား။
တွေ့ကြိမ်ငြားသော်။ တရားဒိဋ္ဌ။ ပကိဏ္ဏကတည့်။ အဋ္ဌရာသီ။ လောကီရဟတ်။ စက်ခုံတတ်၍။
ဆုံးဖြတ်သိမ်းပိုက်။ တည်းနှိုက်လျှင်။ ချလိုက်လက်ငင်။ ဆစ်မျက်သင်က။ ပိုးခင်လုပ်ယူ။
အကျိုက်တူလျှက်။ နိုင်သူရှုင်ပြုံး။ စိတ်နှစ်လုံးနှင့်။ ရှုံးသူကြည်သာ။ ပဋ္ဌနာဖြင့်။
မောတ္တာသွန်းလောင်း။ အောင်ဆုတောင်း၍။ တသောင်းသပြေ။ စမ္ဗူမြေတွင်။ ကြက်သရေမြင့်။
တက်နေတင့်သို့။ ဆင့်ဆင့်လူရှင်။ ကျော်ဇောထင်လိမ့်။ သို့စင်ပလ။ ကျိုးထူးရသား။
သုတအရာ။ ပညာနည်းယူ။ လေ့လာသူတို့။ လွယ်ကူအာဂုံ။ ဆောင်လောက်ရုံလျှင်။
လုံးစုံတွက်ဘွဲ့။ ကျယ်မချဲ့သား။ ခုနှစ်ဆဲ့နှစ်။ ပိုက်ရေစစ်၍။ ကျမ်းသစ်ရတနာ။
ရွှေဋီကာသည်။ ။ ကမ္ဘာဆုံးတိုင်ထိန်လင်းတည်း။ ။ အဋ္ဌရာသီ။ လောကီဖြတ်ထုံး။
ရွှေစာဆုံးနှိုက်။ နိဂုဏ်ဂါထာ။ သိမ်းရုံးမှာပိမ့်။ မဟာအမရပူရ။ နန်းယုဇ္ဇကို။ ဒုတိယဦးကင်း။
မင်းပွဲယင်သား။ မဟာဝင်ဇာတ်။ ဖောဓိသတ်၏။ နေနတ်နွယ်စစ်။ ဥပရာဇ်ဟု။
တိုက်ခတ်စက္ကဝါ။ သောင်းဒီပါကို။ ရွှေသမ္ဘာရှိန်။ ထောက်လောင်ထိန်၍။ နာဂိန္ဒရာ။
ပြောင်ယုဇာနှင့်။ စကြာနတ်သ။ ထီးပေါင်းခသည်။ နရထွင်ရှူထား။ မင်းတရားလျှင်။
တိုင်းကားစမ္ဗူ။ သိမ်းတော်မူက။ နတ်လူကြည်ညို။ ဗြဟ္မစိုလည်း။ ရွှေကိုယ်တော်တိုင်။
ထုံသင်းလှိုင်လျက်။ နိုင်ငံအရေး။ ပြည်လုံးဧအောင်။ မန္တလေးစက်။ သီလာချက်ဝယ်။
မင်းဆက်တကာ။ မစံရာသည်။ ရတနာပုံပြည်။ ထီးနန်းတည်လျက်။ ဆယ်လီဓမ္မ။ သင်္ဂဟနှင့်။
ဏ္ဍန္ဒလနေ။ ပစ္စုံမြေဟု။ လေယမရာဇ်။ ပင်လယ်မြစ်တည့်။ ဧကရာဇ်ဂုဏ်။
နှိုင်းမကုန်ကြောင်း။ ဝသုန္ဒရာ။ တုံတည်းခါ၍။ မန္တာတုက။ စကြာရသို့။ အဂ္ဂမဟေသီ။
မြတ်ဒေဝီနှင့်။ သာဂီဌာနီ။ ကပ္ပိလနှုံး။ ရေးစံထုံးဖြင့်။ သောင်းလုံးပေါင်းရုံး။ မိုဃ်းဆုံးဘဝက်။
အောက်ထက်ဘီလာ။ မြို့ဩဘာလည်း။ ကောလဟာလ။ နတ်တို့ပြလျှက်။ ဇေယျမင်္ဂလာ။
ကောင်းချိန်ခါနှိုက်။ မုဒ္ဓါဘိသေ။ ဗြဟ္မာရေဖြင့်။ ငွေကနက်ရိပ်။ သီတာထိပ်ဝယ်။

လောင်းကျိတ်ဆယ်ပြာ။ သမ္ဗုဒ္ဓါဟု။ သစ္စာမုံရင့်။ နောင်လာပွင့်မည်။ မင်းမင်းသရဘူ။ စံတော်မူသည်။ ။ နတ်လူကြွေးကျော် ကောင်းချီတည်း။ ။ အောင်ဇေယျခုံ။ တောင်နေရုံသို့။ ရွှေဘုံသိင်္ဂါ။ မာန်းလကျာ်ထက်။ ရတနာပုဏ္ဏ။ အဋ္ဌကဟု။ ပဌမတောင်တည်။ မင်းပွဲစည်သား။ ပြည်ဘုမိထွန်း။ ဘေးမျိုးလွတ်၍။ ဝိဝဋ္ဋာ။ ကပ်လုံးကြာအံ့။ သာသနာရောင်။ တောက်လောင်နေမီး။ ထိန်ထိန်ငြီးလျှက်။ တိုင်ကြီးပြည်ကြီး။ နန်းထီးအင်္ဂါ။ မဇ္ဈိမာဝယ်။ ရာဇာဂဟ။ စံတမျှဖြင့်။ နရမယူ။ နတ်လူတောင်းဆု။ ဇေယျတုဖြင့်။ အာယုသက်တော်။ ရာကကျော်၍။ ဘုန်းတော်သမ္ဘာ။ ကြီးတေဇာမူ။ စက္ကဝါဠထုတ်ချင်း။ ဘဝက်လင်းသား။ မင်းမင်းထွန်းထား။ တို့ဘုရား၏။ တိုင်းကားစမ္ဗူ။ နိုင်ငံသူတို့။ ရာန်သူကင်းဝေး။ ရေနှယ်ဇလျှက်။ ကျေးဇူးတော်မြတ်။ အထုပ္ပတ်ကို။ နယ်သတ်ခြင်းငှာ။ မကြံရာတည့်။ ဥပမာစုတ်။ အကျယ်ထုတ်သော်။ သမုတ်လေးစင်း။ ရေအတွင်းဝယ်။ မြေမင်းပန်သု။ မြမှင်ပြု၍။ မေရုစုတ်တန်။ အာကာရုံကို။ သဏ္ဍာန်ကားပြင်။ တန္တုဆင်လျှက်။ သနင်္ဂမာ။ ကိုယ်တိုင်လာ၍။ တရာတရာ။ နှစ်ပေါင်းကြာမှ။ ရွှေစာလုံးသေး။ မြူလောက်ရေးလည်း။ ထိုဆေးကုန်ရာ။ ဇီဝိန်ကွာလျှက်။ ဗြဟ္မာစုတိ။ ဖြစ်ဘွယ်ရှိ၏။ သီရိမင်္ဂလာ။ နေနွယ်ဖြာသား။ မဟာနုဘော်။ ဘုန်းဂုဏ်တော်ကို။ ဆိုသော်ကမ္ဘာ။ ဘယ်ဆုံး ရာလိမ့်။ သုနာပရိန္တ။ ဥတ္တရတည့်။ သိခ်ရတနာ။ မျိုးသကျာ်ဟု။ မဟာဝင်ဆက်။ ရွှေလက်ထက်တွင်။ မိတ်ဘက်ကြည်သာ။ စိတ်မောတ္တာကြောင့်။ စကြံတော်ရင်း။ ပြည်ပြည်မင်းတို့။ မတင်းရွှန့်ကြောက်။ သစ္စာသောက်လျှက်။ ဆက်ရောက်ကညာ။ ရတနာနှင့်။ ဆယ်ဖြာဦးတင်။ ရှိပန်ဆင်သည်။ ။ ဗုဒ္ဓင်္ဂုစစ်စောထီးတည်း။ ။ ရွှေဘုန်းတော်ရောင်။ ထိန်ထိန်လောင်သား။ ကုန်းဘောင်သမတ။ အာဒိစ္စမှ။ ဒသမမြောက်။ ကနက်ဆောက်၍။ ရွှေမှောက်ဘုရား။ စောတရားလျှင်။ လေးပါးစက္ကိ။ သမ္ဗတ္တိဖြင့်။ ဂီရိသေလာ။ မာန်းလကျာ်တွင်။ ရတနာပုံ။ မျက်စုံရောင်ခြည်။ မြို့နန်းတည်လျှက်။ ရွှေပြည်နိုင်ငံ။ ဆယ်ပါးသံနှင့်။ ကြက်ပျံမကျ။ ဇငြိမ်းလုရှင့်။ လောကရှုတ်ထွေး။ တရားရေးနိုက်။ ပုတ်ဆွေးတာရှည်။ ရှိလေသည်ဟု။ ပြည်သူပြည်သား။ ပြောစကားကို။ ရွှနားတော်မြတ်။ ကြားတုံလတ်က။ ရိမတ်ပုဂံ။ ရှေးမင်းစံသည်။ နိုင်ငံတော်တွင်။ ဆိုနှစ်ပြင်နှင့်။။ စီရင်ပိုင်းခြား။ မှုသည်များတို့။ ခိုက်ပွားဒေါသ။ ပြေငြိမ်းကြလျက်။ သမဘာသကာ။ ပညာဝရဇိန်။ သတင်းရှိန်ကြောင့်။ အချိန်သင့်လျှော်။ ကံနိုးဆော်၍။ ခေါ်တော်စက်အောက်။ ဦးတင်ရောက်သော်။ ခြီးမြှောက်သနား။ မင်းခမ်းနားဖြင့်။ တရားဆုံးဖြတ်။ မှူးမတ်အင်္ဂါ။ လက္ခဏာကြောင့်။ နဋ္ဌာပိတ။ ဓမ္မသေနာပတိ။ သီရိကြက်သရေ။ ရုံကွန်းဗွေဝယ်။ တော်နေရာရောက်။ အရည်လျှောက်ဖြင့်။ ရွှေးကောက်ခန့်ထား။ ပြန်တန်ကြားလျက်။ ရွှေသားနိက္ခ။ ဘွဲ့တော်ရသည်။ မင်းလှမင်းတင်သခ်ယာ။ နောက်မကြာလျှ်။ မဟာရာဇသင်္ကြံ။ မင်းဖုံသိင်္ဂါ။ ရတနာဖြင့်။ သဗ္ဗာဘူမ။ စကြံသခင်။ ဗုဒ္ဓင်္ဂုရ။ အပ်နှင်းသ၏။ မူလအရိုး။ ကိုးပါးအစစ်။ အမြစ်ရက္ခ။ အနေကဟု။ အဋ္ဌသာခါ။ များစွာထွက်ပေါ်။ လျှောက်ထားသော်လည်း။ ဘုန်းတော်မြင့်မို။ ရိပ်လုံ့ခိုလျှက်။ လိုရှိတိုင်းလျောက်။ ခန့်တိုင်းပေါက်၍။ ကောက်ယူမမှား။ စက်နှယ်သားလျှက်။ သုံးပါးတစိုး။ လေးမျိုးဂတိ။ စွန်းငြိမရစ်။ မုံးချစ်မညှာ။ ဥပေက္ခာဟု။ ပညာရှိထုံး။ ဖြောင့်နှစ်လုံးနှင့်။ ရွှေရုံးသဘင်။ ပွဲကြီးဆင်သည်။ ။ စီရင်ဆုံးဖြတ်ဝေးနီးတည်း။ ။ နိုင်ငံတော်လူ။ ရွှေပြည်သူတို့။ ဆုယူမြတ်လေး။ တရားရေးနိုက်။ စစ်ဆေးဆုံးစ။

မှန်ရာကျအောင်။ ရက်လမပို။ တောက်တပိုဖြင့်။ ရွှေကိုယ်တော်စား။ ရည်ခန့်ထားလျက်။ ပိုင်းခြားမှုသည်။ ပြီးပြတ်သည်ကို။ ကြည်သရာစစ်။ လေးကျွန်းချစ်သား။ ဇကေရာဇ်ဘုရား။ နတ်၏နားဖြင့်။ ကြားလတ်သောခါ။ ရွှေညီလာတွင်။ မဟာဇေတု။ မတ်မနုသို့။ အောင်ဆုသနား။ အံ့ထူးခြားလျှင်။ ငါးကျိတ်ငါးစံ။ မနောခံသည်။ ပုဂံရွှေမြေ။ မြို့စလေ့တည့်။ အကြေရှာဟူ။ ကြောင်မင်းပြုသား။ တောင်ဘလူစွန်း။ နောက်ဘက်ယွန်းတွင်။ ကျွန်းနှင့်တကွ။ ဝိသေသဖြင့်။ အက္ခဒဿာ။ မဟာခမ္မိက။ စိုးပိုင်ရ၏။ နောက်မှထူးချွန်။ နှစ်မြို့ဝန်ဟု။ တခွန်စိုက်ထူ။ ခန့်တော်မူလျှက်။ ကြည်ဖြူသထာ။ လွှတ်တော်မှာလှင်။ နေရာချီးမြှောက်။ ရွှေးသန့်ကောက်လျှက်။ ဝန်တောက်အရာ။ ရွှေဘွဲ့မှာကား။ နာရကာမီး။ ထိန်ထိန်ငြီးသည်။ မင်းကြီးသီရိ။ မဟာရာဇသင်္ကြံ။ နိုင်ငံစမ္ပူ။ ရှင်လူသိတင်။ ကြိုင်ပြန့်သင်းရှင့်။ ရှေးမင်းစံရာ။သမိုင်းလာသား။ ဇေယျာဝဍ္ဍဏာ။ သာဂီရမှ။ ပုဏ္ဏာဝတီ။ ဋ္ဌာနီအောင်ခင်း။ မြို့တောင်တွင်းကို။ သိမ်းသွင်းရပ်နေ။ စီရင်စေဟု။ ရွှေပြာဒိပ်စက်။ ဦးထိပ်ရွက်၍။ လရက်နှစ်ကြာ။ ရပ်တန့်ရာတွင်။ ပဒုမ္မာပင်မင်း။ မျစ်ချေရင်းနိုက်။ ဝတ်စင်းဘားနှယ်။ ထံပါးဝယ်လျှင်။ လူငယ်နှစ်ဦး။ လျှောက်ထားဘူး၍။ ကျေးဇူးနဌ္ဌ။ နိသံသမူ။ လောကကောင်းကျိုး။ နေ့တိုင်းတိုးသာ။ ရွှေအိုးရတနာ။ ပဒေသာကို။ လင်္ကာချိုဇ။ ထုပ်ဆောင်ရေးသည်။ ။ ယည်ကျေးသံစုံမငြိမ်းတည်း။ ။ ဣန္ဒရာဇ်နတ်။ ထိမ်းစောင့်မတ်သား။ ပညာတ်ဝေါဟာ။ နှစ်ကောဇာမူ။ သတ္တာတိသံ။ ဒွိသတနှင့်။ သဟဿစု။ ဒီဃပြုလျက်။ ဥတုဝသန္တ။ နောက်ရဿကား။ နဝတြိန်။ ဇယကိန်းတည့်။ သန်းသိန်းဂနိုင်။ ရနံ့ကြိုင်သည်။ စုံမြိုင်ထုံလိုင်။ ဘူးခိုင်ရိမ်းနွဲ့။ စိန်းလဲ့လဲ့နှင့်။ နဂသွဲ့ညှာ။ လေညှင်းသာ၍။ မလ္လဂန္ဓာ။ ရွှေယင်းမာတို့။နရကာဆင့်။ ပင်လုံးပွင့်လျှက်။ နန်းမြင်းသိုက်နယ်။ ချစ်တင်းလှယ်၍။ မောင်မယ်တောင်သင်း။ လည်ရှက်တင်သည်။ ရေရှင်တင်သည်။ ရေရှင်သစ်ဆင်း။ တော်သလင်းလျှင်။ လမင်းဆန်းတက်။ ဆဲ့ငါးရက်ဟု။ ကောင်းချက်သြဘာ။ နေ့အင်္ဂါတွင်။ ပုဏ္ဏာတိတီ။ ကန်ရာသီဝယ်။ ရောင်နီဝင်းထွက်။ လင်းနံက်မူ။ လေးချက်တီးကျော်။ ဗဟိုဆော်လျက်။ စည်တော်ကြိုးခတ်။ ဆဲ့တပတ်နှင့်။ ပညာတ်ဗုဇနာ။ လေးပုံသာ၍။ ရှစ်စရာချိန်။ ရာသီသိဟ်နိုက်။ ရဝိန္ဒုနတ်။ ရှည်ပူးမှတ်သား။ ဂြိုဟ်မြတ်သောကြာ။ မျက်စုံမ္ဘာလျှက်။ အဇတာဦး။ တောက်လောင်မြူးသည်။ ဗုဒ္ဓဟူးစက်။ ကန်မှာလက်တည့်။ ကြွက်မင်းနံမူ။ ရာသီတူနိုက်။ ဘော်ကြူရတနာ။ ရောင်ရှက်ဖြာသို့။ အင်္ဂါဂြိုဟ်တုံ။ ခနေဘုံမှ။ ခိုက်ဆုံကြိုက်ကြုံ။ ဆိုက်ရပ်လုံ၍။ ပုံခုံကြွကြွ။ မကာရတွင်။ ထွန်းပကြက်သရေ။ နဂါးမြွေနှင့်။ စနေဂြိုဟ်နတ်။ ဣန္ဒိပါတ်ဖြင့်။ စန်းမြတ်ကုန်ခွင်။ တံခိုးတင်သား။ မိန်တွင်ရာဟု။ စမ္ပာယ်ပြုလျက်။ ဇေတုမင်္ဂလာ။ ထိုအခါနိုက်။ မဟာသမတ်။ ဗေဓိသတ်အား။ နာဂါတ်ထောက်ရှု။ အကြောင်းပြု၍။ မနုလက်ထက်။ ဆက်သွင်းအပ်သည်။ အရပ်ရပ်လာ။ ရွှေဋ္ဌီကာမှ။ လိုရာကောက်နှုတ်။ သံခိပ်ပုဒ်ဖြင့်။ ဝါစုဏ္ဏထ။ အာဂုဏ်ရအောင်။ ဆုံစနိဒါန်း။ ခုနှစ်ခမ်းဟု။ ပြဋ္ဌာန်းပိုင်းခြား။ ကဏ္ဍထားလျှက်။ တရားလူမှု။ အချုပ်စသည်။ ဓမ္မပဒေသ။ ပကိဏ္ဏတည့်။ အဋ္ဌရာသီ။ မေခနိကို။ လောကီကျိုးစစ်။ ဂန္ထာဆစ်သည်။ ။ ကျမ်းသစ်ရွှေစာအပြီးတည်း။ ။

သက္ကရာဇ်၁၂၅၃ခု တော်သလင်းလွှန်း၁ရက်၄ဟူးနေ့ ၃ချက်တီးကြော် အချိန်တွင် အဋ္ဌရာသီဓမ္မသတ်ပိုက်ရေခုနှစ်ဆယ့်ရှစ်ကိုမာန်ကျည်းပင်ပုရွာနေဘိုးခေါင်ရေးကူး၍ပြီးသည်။

MWT-0027-01 to MWT-0027-14